# KanCare သက်တမ်းတိုးရန် အကြံပြုချက်များနှင့် လှည့်ကွက်များ

## သက်တမ်းတိုးရန် အသိပေးချက်များကို KanCare ရှိ ဖိုင်တွင်းပါ လိပ်စာသို့သာ စာတိုက်မှပေးပို့မည် ဖြစ်ပါသည်။

အကယ်၍ သင်၏အချက်အလက်များ ပြောင်းလဲခဲ့ပါက KanCare Clearinghouse (800-792-4884) သို့မဟုတ် သင်၏ Medicaid အာမခံပေးအပ်သူ (ဥပမာ - UnitedHealthcare ၊ Aetna သို့မဟုတ် Sunflower) ကို ခေါ်ဆိုပါ သို့မဟုတ် ညာဖက်အောက်ထောင့်ရှိ www.kancare.ks.gov ပါ စာပေးစာယူစက် (chatbot) ကို အသုံးပြုပါ။

- **အကြံပြုချက်**- အကယ်၍ လက်ရှိအချိန်၌ သင့်ထံတွင် နေအိမ်လိပ်စာမရှိပါက သင့်စာများကို စစ်ဆေးရန် အသုံးပြုနိုင်သည့် သူငယ်ချင်း သို့မဟုတ် မိသားစုဝင်တစ်ဦး၏ လိပ်စာကို တင်သွင်းနိုင်ပါသည်။

## သက်တမ်းတိုးရန် အသိပေးချက်များကို KanCare တွင် စာရင်းသွင်းသည့် ရက်စွဲပေါ် အခြေပြု၍ ပေးပို့ပါမည်။

ဤသက်တမ်းတိုး လုပ်ငန်းစဉ်က တစ်နှစ်ပတ်လုံးရှိနေမည် ဖြစ်သည့်အတွက် သက်တမ်းတိုးရန် အသိပေးချက်ကို သင်မရရှိသေးပါက သင့်အတွက်အချိန် မကျရောက်သေး၍ ဖြစ်နိုင်ပါသည်။ သင်၏ သက်တမ်းတိုးရမည့်လကို သိရှိရန် သင့်အနေဖြင့် KanCare Clearinghouse (800-792-4884) သို့မဟုတ် သင်၏ Medicaid အာမခံပေးအပ်သူအား ဆက်သွယ်နိုင်ပါသည်။

- **အကြံပြုချက်**- Clearinghouse သို့ ခေါ်ဆိုရာတွင် **အသံဖြင့်စာပို့ရန်** ရွေးချယ်စရာတစ်ခုရှိပါသည် - မက်ဆေ့ချန်ထားခဲ့နိုင်ခြင်းက အကြိမ်ကြိမ်ခေါ်ဆိုရမှုများနှင့် အချိန်ကြာကြာ စောင့်ဆိုင်းရမှုများကို လျော့နည်းစေပါမည်။

CMS လမ်းညွှန် ဆုချီးမြှင့်မှု ရှိထားသူအနေဖြင့် ကန်းဆပ်စ်ပြည်နယ်၏ အသိုင်းအဝိုင်းစောင့်ရှောက်ရေး ကွန်ရက်က Cover Kansas ™ လမ်းညွှန်အစီအစဉ်များကို ဦးတည်လမ်းညွှန်ပေးပါသည်။

Cover Kansas Marketplace လမ်းညွှန်တစ်ဦးနှင့် အခမဲ့ စကားပြောဆိုရန် 866-826-8375 ကို ခေါ်ဆိုပါ သို့မဟုတ် www.GetCoveredKansas.org တွင်း ဝင်ရောက်ကြည့်ရှုပါ။

**သင့်စာများကို မကြာခဏစစ်ဆေးပြီး သင်၏ သက်တမ်းတိုးရန် စာရွက်စာတမ်းများကို တတ်နိုင်သလောက်မြန်မြန် ပြန်ပို့ပေးပါ။ သက်တမ်းတိုးရန် အချိန်ကျလာပါက KanCare အနေဖြင့် သင်၏ စာရွက်စာတမ်းများကို လအလယ် 15 ရက်မြောက်နေ့တွင် လက်ခံရရှိရပါမည်။**

*ဥပမာ - အသိပေးချက်တစ်စောင်ကို ဇွန်လတွင် သင် လက်ခံရရှိပါက KanCare အနေဖြင့် သင်၏စာရွက်စာတမ်းများကို ဇူလိုင်လ 15ရက်နေ့ တွင် လက်ခံရရှိရပါမည်။*

အကယ်၍ KanCare က သင်၏ဖောင်ပုံစံကို 15ရက်နေ့တွင် **မရရှိပါက အကျုံးဝင်မဝင်ဆိုသည့်အပေါ် မူမတည်ဘဲ** အဆိုပါလအကုန်တွင် သင်၏ အကာအကွယ်ကို ဆုံးရှုံးပါလိမ့်မည်။ အကယ်၍ အကာအကွယ်ကို သင်ဆုံးရှုံးသွားပါက နောက်ပြန်ရက်စွဲဖြင့် အကာအကွယ်နှင့် ငွေအစားပြန်ပေးသည့် အခွင့်အရေးရရှိအောင် ပြန်လည်တင်သွင်းရန် ရက်ပေါင်း 90 အချိန်ရှိပါသည်။ ပြန်လည်ငွေအစားပေးမှုကို အတည်ပြုသည်အထိ ဆေးဝါးကုန်ကျစရိတ်များကို မိမိဖာသာစိုက်ထုတ်ထားရပါမည်။

- **အကြံပြုချက်**- သင်၏စာရွက်စာတမ်းကို **လက်မှတ်ထိုးပြီး ရက်စွဲတပ်ကြောင်း** သေချာအောင်လုပ်ပါ။ လက်မှတ်ထိုးမထားသော ဖောင်ပုံစံများကို ပြင်ဆင်လုပ်ဆောင်မည်မဟုတ်ပါ။

- **အကြံပြုချက်**- တိကျသော အချက်အလက်အားလုံးရရှိအောင် စောင့်နေခြင်းထက် **အပြည့်အစုံမဖြည့်ရသေးသော (သို့သော် လက်မှတ်ထိုးထားပြီးသော) ဖောင်ပုံစံတစ်စောင်ကို တတ်နိုင်သလောက် အမြန်ဆုံး** ပေးပို့ခြင်းက ပို၍ကောင်းပါသည်။ ဘာထပ်၍လိုကြောင်းကို KanCare က နောက်ဆက်တွဲ စောင့်ကြည့်ပါမည်။
- **အကြံပြုချက်**- စာတိုက်မှစာပို့ရာတွင် နှောင့်နှေးမှုများကြောင့် သင်၏ စာရွက်စာတမ်းများကို ဖက်စ်ဖြင့်ပို့ခြင်းက ၎င်းတို့ကို အချိန်မီပေးပို့ကြောင်း အတည်ပြုရန် အလွယ်ဆုံးနည်းလမ်းဖြစ်ပါသည်။ ဖက်စ်ဝန်ဆောင်မှုများကို ပြည်သူပိုင် စာကြည့်တိုက်များတွင် တွေ့ရှိနိုင်ပြီး သင်၏ဆရာဝန်ရုံးခန်းမှတဆင့်လည်း ရရှိကောင်း ရရှိနိုင်ပါသည်။ ဖက်စ်ဖြင့် ပို့ပြီးနောက် ပြဿနာတစ်ခုခုရှိလာသည့်ဖြစ်ရပ်အတွက် **သင်၏အတည်ပြုချက်ကို သိမ်းဆည်းထားပါ**။

  1-800-498-1255 (ဖက်စ်)



Community Care Network of Kansas
Health. Equity. Justice.
CMS လမ်းညွှန် ဆုချီးမြှင့်မှု ရရှိထားသူအနေဖြင့် ကန်းဆပ်စ်ပြည်နယ်၏ အသိုင်းအဝိုင်းစောင့်ရှောက်ရေး ကွန်ရက်က Cover Kansas ™ လမ်းညွှန်အစီအစဉ်များကို ဦးတည်လမ်းညွှန်ပေးပါသည်။